# TechInside

INTERNET JOURNAL

Vol.14, No.06 | Thursday, February 07, 2013




Knowledge for All

## Android နှင့် iOS အတွက် အကောင်းဆုံး Photo app များ

စာ - ၅၇

10 Things

## Google ကို ထင်ရှားစေခဲ့တဲ့ ထိပ်တန်းထုတ်ကုန် ၁၀ ခု

စာ - ၅၉

Technical Tutorial

## Windows 8 ကို Home Server တစ်လုံးအဖြစ် အသုံးပြုခြင်း

စာ - ၆၅

### HP Pavilion Sleekbook 14

AMD Dual Core
Processor E1-1200 (1.4GHz)
4096MB DDR3 SDRAM
14.0" Diagonal HD Bright View LED
500GB
WLAN, Bluetooth
Windows 8
Price - 359,660 Ks

Product Sponsor by :
Golden Phoenix Technology Co.,Ltd

Model : Thun Set | Photo : Kyaw Myo Oo (Colour Right) | Organizer : Thandar


7DAY SHOPPING GUIDE JOURNAL
ဂျာနယ် ဈေးဝယ်လမ်းညွှန်ဂျာနယ်
www.7dayshoppingguide.com
နှစ်စဉ်ကြေးပေးသွင်းမှာကြားလျှင် Hot Line 09 730 53320 သို့ဆက်သွယ်ပါ။
သောကြာနေ့ နံနက်တိုင်း အိမ်အရောက်ပို့ပေးမည် . . . .
အခန်းမှတ် (G-12)၊ မြေညီထပ်၊တိုက်(B)၊ Diamond Centre၊ အမှတ်(၄၉၇)၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၃၅၁၅-၉, Fax: ၅၁၃၅၁၃၊ www.7dayshoppingguide.com

Internet Journal
Vol.14, No.06 | Thursday, February 07, 2013

## » NOVO 10 Tablet



ရန်ကုန်၊ ဇန်နဝါရီ ၃၀

NOVO 10 အမှတ်တံဆိပ် Quad Core Tablet ဖြစ်ပါတယ်။ စကရင်က ၁၀. ၁ လက်မအရွယ်အစားရှိမှာ ဖြစ်ပါတယ်။ အမြန်နှုန်း 1.5 GHz ရှိမှာဖြစ်ပြီး Resolution ကို 800× 1280 pixel အထောက်အပံ့ပေးနိုင်ပါတယ်။ Memory 1GB DDR3 ပါဝင်ပါတယ်။ သိုလှောင်မှုအတွက် 16GB ပမာဏပါပြီး မလုံလောက်ဘူးဆိုရင် 32GB အထိ တိုးမြှင့်အသုံးပြုနိုင်တယ်လို့ သိရပါတယ်။ Android 4.1.1 Version ထည့်သွင်း အသုံးပြုထားပါတယ်။ ဗီဒီယိုအရည်အသွေးကို 1080 p Full HD အထောက်အပံ့ပေးထား ပါတယ်။ HDMI Port, USB/OTG စနစ်တွေလည်း ပါဝင်ပါတယ်။ အသုံးပြုလိုသူများအနေဖြင့် T-Land ဖုန်း- ၃၉၈၃၄၃၊ ၀၉-၇၃၁၁၃၄၈၃ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။ -ဝေဝေ

## » Dell Inspiron 3521 Notebook



ရန်ကုန်၊ ဇန်နဝါရီ ၃၁

Dell Inspiron 3521 Notebook ကတော့ Intel Core i5-3317U Processor နဲ့ဖြစ်ပြီး အမြန်နှုန်းကတော့ 1.7GHz Turbo Boost up to 2.6GHz ထိ ရရှိမှာဖြစ်ပါတယ်။ Memory ကတော့ 4GB DDR3 1600MHz RAM ပါဝင်ပြီး အချက်အလက်သိမ်းဆည်းမှုအတွက် 500GB HDD ပါရှိပါတယ်။ Display Screen ကတော့ 15.6" HD WLED (1366 x 768) ဖြစ်ပြီး Internal tray-load DVD R/W ပါဝင်ပါတယ်။ ဂရပ်ဖစ်ကတော့ AMD Radeon HD 1GB ပါဝင်ပြီး Bluetooth v4.0, HD Webcam, USB 3.0, 8 in 1 Card Reader တွေလည်းပါဝင်ပါတယ်။ 6 Cell Battery နဲ့ဖြစ်ပြီး ဘက်ထရီကတော့ ၅ နာရီကနေ ၇ နာရီထိ အသုံးခံပါတယ်။ ဈေးနှုန်းကတော့ ၅၅၉,၅၀၀ ကျပ်နဲ့ Blu Ray Digital IT Showroom ဖုန်း- ၀၉၇၃၀၄၀၆၀၄ မှာ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။ -သန္တာ

## » HTC Media Link HD



ရန်ကုန်၊ ဇန်နဝါရီ ၃၁

ဖုန်းထဲကဓာတ်ပုံ၊ဗီဒီယိုတွေကို LCD, LED TV တွေဆီမှာ ရုပ်ထွက်ကောင်းကောင်းနဲ့ ကြည့်ရှုနိုင်မယ့် HTC Media Link HD တစ်မျိုးဝင်ရောက်လာပါတယ်။ HTC ဖုန်းနှင့် ချိတ်ဆက်ပြီး အသုံးပြုမယ်ဆိုရင် မြင်ကွင်းကျယ်တဲ့ TV တွေပေါ်မှာ ရုပ်ထွက်ကောင်းမွန်စွာကြည့်ရှုနိုင်သလို 5.1 Sound System ကို အထောက်အပံ့ပေးထားတဲ့ Device တွေပေါ်ကနေ ကြည့်ရှုသူတွေအတွက် 5.1 Sound System ကို ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ HTC Media Link HD Device နဲ့ ချိတ်ဆက်ထားတဲ့ LCD, LED TV တွေ အသုံးပြုနေချိန်မှာလည်း ဖုန်းပေါ်ကနေ အီးမေးလ်ပို့ခြင်း၊ အင်တာနက်အသုံးပြုခြင်းတွေကို အခြားမြင်ကွင်းတစ်ခုကနေ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ AV×1, MP4, MKV, H-263BP/MP/HP အစရှိတဲ့ Media File Format များနှင့် MP3, WAV, WMA, AAC အစရှိတဲ့ Audio Format တွေ Micro USB, HDMI Port, Wi-Fi တို့ကိုလည်း အထောက်အပံ့ပေးထားမှာ ဖြစ်ပါတယ်။ အသုံးပြုလိုသူများအနေဖြင့် KMD Computer Co.,Ltd ဖုန်း-၃၈၁၀၃၅၊ ၂၈၁၇၇၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မှာ ဖြစ်ပါတယ်။ -ဝေဝေ

## » Canon Pixma iP 100

ရန်ကုန်၊ ဇန်နဝါရီ ၃၀

Canon အမှတ်တံဆိပ်၊ အရည်အသွေး အကောင်းဆုံး ဓာတ်ပုံတွေ ထုတ်လုပ်ပေးနိုင်မယ့်ပရင်တာလေးတစ်လုံး ဝင်ရောက်လာပါတယ်။ အရောင်တွေအနေနဲ့ အရောင်၅ရောင် ပါဝင်မှာဖြစ်ပြီး အရောင်နဲ့ထုတ်ရင် Scan Speed က 14 ppm ရရှိမှာဖြစ်ပြီး Mono အတွက် Scan Speed 20 ppm ရှိမှာဖြစ်တယ်။ Print Resolution အနေဖြင့် 9600 × 2400 dpi ရှိတဲ့အတွက် ကြည်လင်ကောင်းမွန်တဲ့ ပုံထွက်တွေကို ရရှိစေမှာဖြစ်တယ်။ ကင်မရာကနေ တိုက်ရိုက်ပုံတွေကိုထုတ်ထဲ့အခါကြည်လင်ကောင်းမွန်တဲ့ပုံထွက်တွေကိုရရှိစေမှာ ဖြစ်တယ်။ ကင်မရာကနေ တိုက်ရိုက်ပုံတွေကို ထုတ်နိုင်မှာဖြစ်ပြီး Photo Print တွေအတွက် ၅၀ စက္ကန့်နဲ့ အမြန်ဆုံးထုတ်ပေးနိုင်မှာ ဖြစ်တယ်။ Bluetooth စနစ်ပါဝင်တဲ့အတွက် အခြား Bluetooth Device တွေနဲ့ပါ ချိတ်ဆက်အသုံးပြုနိုင်မှာ ဖြစ်တယ်။ ဝယ်ယူချင်တယ်ဆိုရင်တော့ Canon ဖုန်း-၂၀၂၀၉၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ -အေးဖြူ



## » Mobile Stand for Tablet PC



ရန်ကုန်၊ ဇန်နဝါရီ ၁၆

Galaxy Pad, iPod စသည့်တန် ဖိုးကြီးများနှင့် Mobile Device မျိုးစုံကို ထောင်လျက်အနေအထားဖြင့် ဂိမ်းဆော့ခြင်း၊ စာဖတ်ခြင်း၊ Movie ကြည့်ခြင်းစသည်များကို ပြုလုပ်နိုင်သော Mobile Stand တစ်မျိုး ပြည်တွင်းဈေးကွက်ထဲသို့ ဝင်ရောက်လာပါတယ်။ Metal စပ်သတ္တုဖြင့်ပြုလုပ်ထားပြီး Rubber အထိန်းများဖြင့် ထပ်မံအားဖြည့်ထားသည့်အတွက် Tablet များ လျှောကျခြင်းမရှိစေဘဲ ထိန်းထားနိုင်မှာ ဖြစ်ပါတယ်။ Portable Mobile Stand ဖြစ်သည့်အတွက် သွားလေရာကိုခေါက်ပြီး ကျစ်လစ်စွာသယ်ဆောင်သွားနိုင်ပြီး လိုအပ်သည့်နေရာရောက်မှ ဖြန့်ထုတ်ကာ Tablet, Pad များကို တင်၍သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အသုံးပြုချင်တယ်ဆိုရင်တော့ Matrix Computer ဖုန်း-၂၄၅၅၈၀ သို့ စုံစမ်းဝယ်ယူနိုင်ပါတယ်။ -အေးဖြူ




စိတ်ဖိစီးမှုကင်း
အောင်မြင်ခြင်းသို့
ENERVON-C®
Miss International 2012 ကို ဂျပန်နိုင်ငံ၊ အိုကီနာဝါမြို့မှာ နိုင်ငံပေါင်း ၆၈ နိုင်ငံ
ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး Miss Myanmar 2012 ပထမဆုရခဲ့တဲ့ နန်းခင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။
"ကမ္ဘာမှာ မြန်မာ" ဆိုတာ ပြသနိုင်ဖို့ ကြိုးစားခဲ့စဉ်တစ်လျှောက်လုံး စိတ်ဖိစီးမှု ဆိုတာ နန်းခင် မခံစားခဲ့ရဘူး။
ယခုလက်ရှိ နန်းခင် အင်္ဂလိပ်နဲ့ ဂျာမန်ခရီးသွားဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်နေပါတယ်။
အနုပညာနဲ့ ပတ်သက်တာတွေ လုပ်နေပြီး ပရဟိတလုပ်ငန်းတွေမှာပါ အားတက်သရော ပါဝင်ဖြစ်နေတယ်။
"အောင်မြင်သူတစ်ဦးအဖြစ် ရပ်တည်မယ်" ဆိုတဲ့ ဘဝရည်မှန်းချက်ကြောင့် အလုပ်တွေအများကြီးကို စိတ်ဖိစီးမှု
ကင်းကင်းနဲ့ လုပ်ကိုင်နိုင်အောင် နေ့သစ်တိုင်းကို ENERVON-C တစ်လုံးသောက်ပြီး စတင်လိုက်တယ်လေ။
Enervon - C
Miss Internet
Popular Choice Award
Ambassador of Beauty
ENERVON-C
FILMCAP
QUICK-RELEASE
B - COMPLEX PLUS VITAMIN C
ONE - A - DAY ANTI-STRESS FORMULA
100 FILMCAPS
အပြည့်ဝဆုံးခွန်အားနှင့်
အကောင်းဆုံးကိုယ်ခံစွမ်းအားတို့အတွက် အင်နာဗွန် - စီ

Internet Journal
Vol.14, No.06 | Thursday, February 07, 2013




acer
explore beyond limits™
technoland
electronics expert
NEW (သမိုင်း)
ACER 2 WEEKS PROMOTION
AT TECHNOLAND 5 SHOPS
28TH JAN - 10TH FEB 2013
NEW (ဦးချစ်မောင်)
Computer, Digital Camera & Accessories
Sales & Services
Acer Netbook, Notebook, Tablet, Desktop,
All in One PC ဝယ်ယူသူတိုင်းအတွက် အထူးလက်ဆောင် (၄) မျိုး
Mouse, Notepad, Cleaning Kit, Ball Pan
Aspire V5-171 Mini Notebook ဝယ်ယူသူတိုင်းအတွက်
Free Gift - SLN Memory Stick 8GB တစ်ချောင်း
Aspire | V5-171
Price - 445
Technoland ဆိုင်တိုင်းတွင် မြန်မာပြည်တရားဝင်ကိုယ်စားလှယ် ရွှေလမင်းနဂါးကုမ္ပဏီမှ တင်သွင်းဖြန့်ချီသော Acer Products များကို မှန်ကန်သော ပစ္စည်း ၊ ခိုင်မာတိကျသော အာမခံချက်များနှင့်အတူ ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Services အမြန်
ဘယ်မှာဘဲဝယ်ဝယ်... နီးစပ်ရာ Technoland ဆိုင်တိုင်းမှာ Computer, Laptop, Printer, UPS များပြုပြင်ခြင်း၊ Tablet များကို မြန်မာ Font ထည့်ပေးခြင်း၊ Root လုပ်ပေးခြင်း၊ Jail Break လုပ်ပေးခြင်းတို့ကို အမြန်ကြေးပေးစရာမလို ချက်ခြင်းဆောင်ရွက်ပေးနေပါသည်။
1 No.162-170, 36th St. (middle), Kyauktada Tsp., Yangon. Ph : 09-73024327, 09-73024328, 09-73041734, 09-73041735
2 78th St., (bet 39th st - 40th st), Maha Aung Myay Tsp, Mandalay. Ph : 09-91024812, 09-91024819, 09-2016125
3 No. 98, Inya Road, Kamaryut Tsp., Yangon. Ph : 01-514303
4 No. 51, U Chit Maung Road, Bahan Tsp., Yangon. (HEBER by Technoland) Ph : 09-73145164 NEW
5 No. 55 (F), Yangon-Insein Road, Hlaing Tsp., Yangon. Ph : 01-519796 NEW

Internet Journal
Vol.14, No.06 | Thursday, February 07, 2013



# Keyboard PC rsm; jynwi; aps;uu twi;0ia&mu



ကိုအောင်
ရန်ကုန်၊ ဇန်နဝါရီ ၃၀

ပြည်တွင်းနည်းပညာဈေးကွက်ထဲသို့ ကိုရီးယားနိုင်ငံလုပ် Duocom အမှတ်တံဆိပ် Keyboard PC များ ဝင်ရောက်လာကြောင်း သိ ရသည်။

"Keyboard PC ကတော့ PC တစ်ခုက Keyboard တစ်ခုထဲမှာ ပါသွားတာမျိုးဖြစ်ပါတယ်။ အတွင်းပိုင်း ဖွဲ့စည်းပုံကတော့ Notebook တစ်လုံးနဲ့ ဆင်ပါတယ်။ Wi-Fi စနစ်ပါဝင်တဲ့အတွက် Wi-Fi ရှိတဲ့ နေရာတွေမှာ Wi-Fi ချိတ်ဆက်ပြီး အင်တာနက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Keyboard မှာ VGA Port ပါဝင်တဲ့အတွက် မော်နီတာတွေနဲ့ချိတ်ဆက်အသုံးပြုနိုင်ရုံသာမက VGA Port ပါဝင်တဲ့ LCD, LED တီဗီတွေနဲ့လည်း ချိတ်ဆက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဂိမ်းကစားခြင်းနဲ့ Professional အသုံးပြုဖို့ မသင့်တော်ပေမယ့် အိမ်သုံး၊ ရုံးသုံးအတွက်ကတော့ အဆင်ပြေစေပါတယ်" ဟု Keyboard PC နှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Keyboard PC တွင် အသုံးပြုထားသည့် Operating System မှာ Without Genuine Microsoft XP Professional Version 2002. Server Pack 3 ဖြစ်ပြီး CPU ကို Intel® Atom™ D510 ကို အသုံးပြုထားသည်။ Memory ကို 2GB DDR2 ထည့်သွင်းပေးထားသည်။ Graphic မှာ Intel® HD Graphic Family ဖြစ်သည်။ ဒေတာအချက်အလက်များ သိမ်းဆည်းရန်အတွက် 320 GB ပမာဏရှိသည့် Hard Disk ပါဝင်ပြီး Optical Drive မှာ DVD+/- အမျိုးအစား ဖြစ်သည်။ Wireless စနစ်မှာ (n/b/g) 10/ 10/1000 Ethernet ဖြစ်သည်။ SD Card ထည့်သွင်းအသုံးပြုနိုင် သည့် Card Reader ပါဝင်သည်။ အခြားသော Port များအနေဖြင့် RJ 45 ပို့၊ USB 2.0 Port လေးခု၊ Audio out Port များနှင့် VGA Port စသည်တို့ ပါဝင်သည်။

" Keyboard PC အသုံးပြုသူအနေနဲ့ အပြောင်းအရွှေ့လုပ်တဲ့နေရာမှာလည်း အလွယ်တကူသယ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ Keyboard, Mouse စတာတွေလည်း မလိုအပ်တော့ပါဘူး။ အသုံးပြုတဲ့အခါမှာတော့ UPS ခံပြီး အသုံးပြုရင် ပိုကောင်းပါတယ်။ Keyboard PC အတွက် Warranty ကို Service & Parts တစ်နှစ်ပေးထားပါတယ်။ Warranty ကာလအတွင်း တစ်ခုခုချို့ယွင်းသွားလို့ပြင်ဆင်မယ်ဆိုရင် နာရီဝက်အတွင်း ပြုပြင်ပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းမှ ထပ်မံပြောကြားသည်။

Keyboard PC ဈေးနှုန်းမှာ ၂၈၀,၀၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူသည့်အခါတွင် Power Cable တစ်ကြိုးနှင့် VGA Cable တစ်ကြိုး ပါဝင်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် Technoland ဆိုင်ခွဲများဖြစ်သော အင်းယားလမ်းဆိုင်ခွဲ၊ သမိုင်းဆိုင်ခွဲ၊ ၁၆ လမ်းဆိုင်ခွဲ၊ တာမွေဆိုင်ခွဲ၊ မန္တလေးဆိုင် ခွဲများအပြင် Unique, Innwa ဆိုင်ခွဲများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၌ မိုဘိုင်းကော်မတီတစ်ခုကို တိုးချဲ့ဖွဲ့စည်းမည်

မြင့်ကျော်လှိုင်
ရန်ကုန်၊ ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၌ မိုဘိုင်းကော်မတီတစ်ခုကို မကြာမီကာလအတွင်း ဖွဲ့စည်းသွားရန် အစီအစဉ်ရှိသည်ဟု သတင်းရရှိရသည်။

အသင်းအတွင်း၌ Mobile, Hardware, Software & Training, Network & Security ဟူ၍ ကော်မတီလေးခုဖွဲ့စည်းသွားမည်ဖြစ်သည့်အပြင် မတ်လ နည်းပညာပြပွဲ၌လည်း အဆိုပါဇုန် ၄ ခုကို သီးခြားခွဲ၍ ပြသသွားရန် စီစဉ်ထားရှိ သည်ဟု သိရသည်။

လုပ်ငန်းရှင်အသင်းဝင်များ၌ မိုဘိုင်းနယ်ပယ်မှ စီးပွားရေးလုပ်ငန်းရှင်များ နည်းပါးနေသေးကြောင်း၊ အချို့သော မိုဘိုင်းစီးပွားရေးလုပ်ငန်းရှင်များသည် အသင်းဝင်ရန် စိတ်ပါဝင်စားခြင်းမရှိကြသည့်အတွက် နှိုးဆော်မှုများပြုလုပ် နေရကြောင်း သိရသည်။ "မိုဘိုင်းဆိုတာ ကွန်ပျူတာနဲ့လည်း ဆက်နွှယ်နေလို့ အသင်းဝင်ဖြစ်ခဲ့တာပါ။ အကျိုးအမြတ်ကတော့ အင်ဖော်မေးရှင်းတွေ လယ်ကူစွာရတာပေ့ါ။ ကိုယ်က Community ထဲမှာနေတာဆိုတော့ကောင်းတာပေ့ါ"ဟု အသင်းဝင်တစ်ဦးဖြစ်သည့် မိုဘိုင်းစီးပွားရေးလုပ်ငန်းရှင် ဦးပြည်စိုးထွန်းက ပြောသည်။

မြန်မာနိုင်ငံကွန်ပျူတာလုပ် ငန်းရှင်အသင်းအနေဖြင့် ယခင်က မိုဘိုင်းစီးပွားရေးလုပ်ငန်းရှင်အသင်းဟူ၍ သီးခြားဖွဲ့စည်းနိုင်ရန် စဉ်းစားထားရှိခဲ့သော်လည်း အသင်းထပ်မံဖွဲ့စည်းရန် မဖြစ်နိုင်သေးသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ လုပ်ငန်းရှင်အသင်း လက်အောက်၌ မိုဘိုင်းကော်မတီဟူ၍ သီးခြားဖွဲ့စည်းရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၌ အသင်းဝင် ၃၀၀ ဝန်းကျင်ရှိသော်လည်း မိုဘိုင်းစီးပွားရေးလုပ်ငန်းရှင်မှာ ဆယ်ဂဏန်းမျှသာအရေအတွက်ရှိကြောင်း၊ အသင်းနေဖြင့် မိုဘိုင်းစီးပွားရေးလုပ်ငန်းရှင်အသင်းဝင်များ တိုးပွားလာရန် နှိုးဆော်မှုများ ပြုလုပ်လျက်ရှိပြီး အသင်းဝင်ရန်အတွက် ကုမ္ပဏီမှတ်ပုံတင် သို့မဟုတ် စည်ပင်မှတ်ပုံတင်တစ်ခုခုရှိရုံဖြင့် အသင်းဝင်နိုင်ကြောင်း သိရသည်။



WIN STAR
android
APPLE STORE & MOBILE SERVICES CENTER
Chinese nEw Year Promotion
www.winstarmobile.com

Special Chinese NEW YEAR PROMOTION
4.2.2013 to 8.2.2013

SALE:: iPhone 5 16G 625000
32G 720000
iPod touch 5 32G 248000
iPad 4 32G 525000
iPad Mini 16G 335000
iPad Mini32G 435000

SERVICE:: < SOFTWARE SERVICE & iPad,iPad mini Accessores > 50% discount period...



SALE
iDevice Only

OUR SERVICE

- မှန်ကွဲခြင်း
- Touch Screen အလုပ်မလုပ်ခြင်း
- ရေဝင်ခြင်း
- Mic, Speaker ပြုပြင်ခြင်း
- LCD လဲလှယ်ခြင်း
- Power မလာသောဖုန်းများပြုပြင်ခြင်း
- Software နှင့် ပတ်သက်သောပြဿနာများ
- Network Lock Official ဖြည်ခြင်း
- Android Dead Boot နှိုးပေးခြင်း

100%
Beat by Dre





SERVICE BRAND : IDEVICES,SAMSUNG,HUAWEI,HTC & CHINA

I: အမှတ်(၉၁)၊ ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့် (ဆင်မလိုက်အဝေးပြေး) ကမာရွတ်။ Ph : 095127431, 0973555545
II: MAC TOWER II CONDO (မြန်မာ့အလှတာဝါ-၂)၊ တိုက်(B1)၊ Room (602)၊ ဝါးတန်းလမ်း(ဗဟိုစည်အနီး)၊ လမ်းမတော်။ Ph: 095037209
III: အမှတ် (၂၁၄)၊ ၃၅လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြား၊ မန္တလေးမြို့။ Ph: 09 450054443, 09444022383

MOBILE FRIEND
Laptop Sales & Services

လက်ဆောင်(၅)မျိုး +
Discount Cupon

DELL D 531
AMD Dual Core 1.9GHz
1GB RAM (DDR II)
80GB HDD (SATA)
VGA-351MB
DVD-Rom
Lan-Wi-Fi-Modem
LCD - 14"(Wide)



169,000/-Ks

SONY VAIO VGN-G1
99,000/-Ks



Mobile Cel:(M) 1.2GHz
1GB RAM (DDR II)
40GB HDD
VGA-256MB
COMBO
Lan-Modem
LCD - 12"

FUJITSU FMV S8225
160,000/-Ks



Intel Core Solo 1.6GHz
1GB RAM (DDR II)
60GB HDD (SATA)
VGA-256MB
COMBO
Lan-Wi-Fi
LCD - 13"

ငွေကျပ် ၄ သောင်းကျော်မှ ၂ သိန်းဝန်းကျင်ထိ
သင်နှစ်သက်ရာ ရွေးချယ်ပါ။

hp Compaq nc6320
185,000/-Ks



Core 2Duo T5600 1.8GHz
1GB RAM (DDR II)
80GB HDD (SATA)
VGA-256MB
COMBO
Lan-Wi-Fi-Bluetooth-Modem
LCD - 15"

IBM Thinkpad Z60 T
160,000/-Ks



Intel Pen: (M) 1.7GHz
1GB RAM (DDR II)
60GB HDD (SATA)
VGA-128MB
COMBO
Lan-Wi-Fi-Modem
LCD - 14" (Wide)

Laptop Services များကို
ဈေးနှုန်းချိုသာစွာဖြင့် အကောင်းဆုံး
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါပြီ။

ရန်ကုန် ➡ အမှတ် (၁၃၈) - မြေညီ၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၃၉၈၄၇၄၊ ၀၉ ၅၁၉၉၇၇၈၊ ၀၉၄၂၁၀၂၃၂၁၀
ပျဉ်းမနား ➡ အမှတ် (၁၀/၇၀)၊ ဗိုလ်တာရာလမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း - ၀၆၇ ၂၁၂၆၃၊ ၀၉၄၂၀၇၄၇၉၀၅
မော်လမြိုင် ➡ New Light Computer အမှတ် (၄/ဘီ) ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇ ၂၄၄၁၀၊ ၀၉၄၂၅၂၆၅၇၈၆၊ ၀၉၄၉၈၀၃၃၉၆

Internet Journal
Vol.14, No.06 | Thursday, February 07, 2013

Download



http://download.cnet.com/Calculator2-for-Windows-8/3000-20431_4-75854860.html

## Calculator2 for Windows 8 (Free)

**ဆော့ဖ်ဝဲအမျိုးအစား - Utilities & Operating Systems**
**ထုတ်လုပ်လိုက်သည့်ဗားရှင်း- 0.0**
**ဖိုင်အရွယ်အစား - app**
**အသုံးပြုနိုင်သည့် OS -Windows 8**

Calculator 2 ကို Windows 8 ထုတ်ကုန်တွေမှာ အဆင်ပြေစွာ အသုံးပြုနိုင်စေဖို့အတွက် ထုတ်လုပ်ထားပါတယ်။ စွမ်းဆောင်ရည်ပြည့်ဝစွာအသုံးပြုနိုင်ပြီး ၎င်း application ဟာ Windows 8 ရဲ့ ခေတ်ပေါ် user interface နဲ့ အဆင်ပြေစွာလည်းအသုံးပြုနိုင်ပါတယ်။ Scientific Function တွေ တွက်ချက်ခြင်း၊ ကိန်းသေတွက်ခြင်း စတဲ့အဆင့်မြင့်တွက်ချက်မှုတွေကိုလည်း ကောင်းမွန်စွာပြုလုပ်နိုင်ပြီး အသုံးပြုရတာလည်း လွယ်ကူပါတယ်။ တွက်ချက်မှုတိုင်းကို တိကျသေချာစွာဖြေရှင်းပေးနိုင်ပြီး ပြန်လည်စစ်ဆေးခြင်းတွေကိုလည်း ပြုလုပ်နိုင်ပါတယ်။ Currency and Unit Converter တွေလည်းပါဝင်တာကြောင့် function တွေစုံလင်စွာအသုံးပြုနိုင်တဲ့ အခမဲ့ Windows 8 app တစ်ခုဖြစ်ပါတယ်။



http://download.cnet.com/Vocabulary-NET/3000-2279_4-75206236.html

## Vocabulary .NET (Free)

**ဆော့ဖ်ဝဲအမျိုးအစား - Educational Software**
**ထုတ်လုပ်လိုက်သည့်ဗားရှင်း- 3.2.4774**
**ဖိုင်အရွယ်အစား - 1.09 MB**
**အသုံးပြုနိုင်သည့် OS -Windows XP/2003/Vista/Server 2008/7/8**

Vocabulary .NET ဟာ အခမဲ့အသုံးပြုနိုင်တဲ့ educational ဆော့ဖ်ဝဲတစ်မျိုးဖြစ်တဲ့ ဘာသာစကားအသီးသီးက ဝေါဟာရတွေကို အလွယ်တကူလေ့လာသင်ယူနိုင်ပါတယ်။ Google Dictionary ကို ပေါင်းစပ်ထည့်သွင်းပေးထားတဲ့အပြင် ရုပ်ပုံတွေနဲ့လည်း ဖော်ပြပေးတာကြောင့် လေ့လာမှုတွေကို ထိရောက်စွာပြုလုပ်နိုင်ပါတယ်။ လေ့ကျင့်ခန်းတွေကိုလည်း အလွယ်တကူ ဖန်တီးပြုလုပ်နိုင်မှာဖြစ်ပြီး ကွန်ပျူတာထဲမှာ install ပြုလုပ်စရာမလိုဘဲ အလွယ်တကူအသုံးပြုနိုင်ပါတယ်။ ဘာသာစကားအသီးသီးရဲ့ ဝေါဟာရတွေကိုပြည့်စုံကြွယ်ဝစွာလေ့လာနိုင်ပြီး database ကလည်း အချက်အလက်ပြည့်စုံတာတွေ့ရပါတယ်။ အခမဲ့အသုံးပြုနိုင်တဲ့ tool တစ်ခုဖြစ်ပြီး အရွယ်အစားကလည်း သေးငယ်ပါတယ်။



http://download.cnet.com/Shutdown-Automaton-Portable/3000-2094_4-75848549.html

## Shutdown Automaton Portable (Free)

**ဆော့ဖ်ဝဲအမျိုးအစား - Utilities & Operating Systems**
**ထုတ်လုပ်လိုက်သည့်ဗားရှင်း- 1.1.9**
**ဖိုင်အရွယ်အစား - 268.91 KB**
**အသုံးပြုနိုင်သည့် OS -Windows XP/Vista/7**

Shutdown Automaton Portable ကို အသုံးပြုပြီး ကွန်ပျူတာကို အလိုအလျောက် Shut down ပြုလုပ်နိုင်စေမှာဖြစ်ပါတယ်။ အဆင့်မြင့် utility တစ်ခုဖြစ်ပြီး shutdown စနစ်အပြင် လက်ရှိအသုံးပြုနေတဲ့ window တွေကို restart, log-off, sleep စတာတွေလည်း ပြုလုပ်နိုင်ပါတယ်။ အချိန်သတ်မှတ်ချက်ကို တစ်ကြိမ်၊ နေ့စဉ်၊ အပတ်စဉ်စတဲ့ အချိန်အတိအကျအပြင် count down နဲ့ ကွန်ပျူတာအသုံးပြုတဲ့အချိန်ပေါ် မှာမူတည်ပြီး သတ်မှတ်ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အခမဲ့အသုံးပြုနိုင်တဲ့ utility tool တစ်ခုဖြစ်တဲ့အပြင် ဖိုင်အရွယ်အစားကလည်း သေးငယ်ပါတယ်။ Portable အမျိုးအစားဖြစ်တာကြောင့် install ပြုလုပ် အသုံးပြုဖို့မလိုဘဲ USB device တွေမှာ အလွယ်တကူသယ်ဆောင်အသုံးပြုနိုင်ပါတယ်။

Website

## လူကြိုက်များတဲ့ကင်မရာတွေကို လေ့လာလိုသူတွေအတွက်

{ http://www.dpreview.com/ }



ကင်မရာတွေကို စိတ်ဝင်စားသူနဲ့ လူကြိုက်များတဲ့ကင်မရာတွေကိုလေ့လာနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ လတစ်လအတွင်းမှာ တင်ထားတဲ့ လူကြိုက်များတဲ့ ကင်မရာတွေရဲ့ Post တွေကို ရက်တွေအလိုက်ပြသပေးထားပါတယ်။ ကင်မရာသာမက ကင်မရာနဲ့တွဲဖက်သုံးရတဲ့ ဆက်စပ်ပစ္စည်းတွေကိုဖတ်ရှုလေ့လာနိုင်ဖို့တင်ထားပေးပါတယ်။ ကင်မရာနဲ့ပတ်သက်တဲ့ သတင်းအကြောင်းတွေသိရှိလိုတယ်ဆိုရင်ဖတ်ရှုနိုင်ဖို့အတွက် သတင်းစာမျက်နှာထားရှိပေးထားပြီး ကင်မရာတွေရဲ့သုံးသပ်ချက်တွေပါ ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ ကင်မရာတွေဝယ်ယူဖို့အတွက် Buying Guide စာမျက်နှာကိုထားရှိပေးထားပြီး ကင်မရာတွေရဲ့မော်ဒယ်အလိုက် ဓာတ်ပုံတွေကိုလည်း စုစည်းတင်ပေးထားပါတယ်။ ဒါ့အပြင်ကင်မရာနဲ့ တွဲဖက်အသုံးပြုဖို့ Printer များကိုလည်း စုစည်းတင်ပြထားပေးပြီး ဓာတ်ပုံတွေကို ပြင်ဆင်တည်းဖြတ် တဲ့ ဆော့ဖ်ဝဲတွေကိုပါ ဖော်ပြပေးထားတာကိုတွေ့ရမှာဖြစ်ပါတယ်။

## HTC Mobile Phone တွေနဲ့ ဆက်စပ်ပစ္စည်းတွေကို မြန်မာလို ကြည့်ရှုချင်သူတွေအတွက်

{http://www.htc.com/mm/ }



Mobile လောကတွင်နာမည်ကြီးနေသည့် HTC အမှတ်တံဆိပ် Mobile Phone နဲ့ ဆက်စပ်အသုံးပြုနိုင်တဲ့ပစ္စည်းတွေကို မြန်မာဘာသာနဲ့လေ့လာဖတ်ရှုလိုသူများအတွက် မကြာသေးမီကအသစ်တင်ပေးထားတဲ့ ဝက်ဘ်စာမျက်နှာဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ နောက်ဆုံးထွက်ရှိထားတဲ့ မိုဘိုင်းဖုန်းရဲ့ အချက်အလက်တွေနဲ့ အသုံးပြုထားတဲ့ Hardware တွေကို မြန်မာလိုကြည့်ရှုနိုင်အောင်စီစဉ်ပေးထားပါတယ်။ မိုဘိုင်းဖုန်းနဲ့တွဲဖက်သုံးရတဲ့ အခြားဆက်စပ်ပစ္စည်းလေးတွေကိုလည်း ဘယ်လိုအသုံးပြုရမယ်ဆိုတာကို သိရအောင် မြန်မာလိုရှင်းလင်းဖော်ပြပေးထားပါတယ်။ ပစ္စည်းတစ်ခုချင်းစီရဲ့ အသုံးပြုထားတဲ့ အစိတ်အပိုင်းတွေကို မြန်မာလိုရှင်းလင်းဖော်ပြထားပေးပြီး သုံးသပ်ချက်တွေကိုပါ ပစ္စည်းရဲ့အောက်ခြေမှာ စာမျက်နှာအလိုက်ဖော်ပြပေးထားပါတယ်။ မြန်မာလိုရှင်းလင်းဖော်ပြပေးထားတဲ့အတွက် အချက်အလက်တွေကို အလွယ်တကူနဲ့ ဖတ်ရှုလိုသူများအတွက် အသုံးဝင်မယ့်ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။

## ဘောလုံးပွဲစဉ်တွေရဲ့ရလဒ် တွေကို ကြည့်ရှုချင်သူတွေအတွက်

{ http://www.livescore.com/ }



ဘောလုံးအားကစားကိုဝါသနာပါတဲ့သူတွေအတွက် လက်ရှိယှဉ်ပြိုင်နေတဲ့ဘောလုံးပွဲတွေရဲ့ပွဲအဖြေရလဒ်တွေကို တိုက်ရိုက်ကြည့်ရှုနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ ဘောလုံးပွဲကျင်းပတဲ့ ပွဲစဉ်အမျိုးအစားနဲ့ လက်ရှိယှဉ်ပြိုင်ကစားတဲ့ အသင်းတွေရဲ့ ဘောလုံးပွဲအဖြေရလဒ်တွေကို အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးနိုင်မှာဖြစ်ပါတယ်။ လက်ရှိကန်နေတဲ့ ပွဲစဉ်အတွင်းမှာ ဘယ်အသင်းက ဂိုးဘယ်လောက်ရတယ်။ ဂိုးကိုဘယ်သူကသွင်းထားတယ်။ မိနစ်ဘယ်လောက်မှာသွင်းထားတယ်ဆိုတာကိုကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ လက်ရှိကန်နေတဲ့ ဘောလုံးပွဲကို မီးအစိမ်းရောင်လေးနဲ့ ဖော်ပြပေးနေမှာဖြစ်ပြီး ကန်ပြီးသွားတဲ့ပွဲစဉ်တွေကိုတော့ list ထဲမှာဖော်ပြပေးနေမှာဖြစ်ပါတယ်။ ဘောလုံးပွဲသာမက Hockey, Baskball, Tennis, Cricket အစရှိတာတွေရဲ့ ရလဒ်တွေကိုပါ ကြည့်ရှုနိုင်မှာဖြစ်တဲ့အတွက် အားကစားကိုဝါသနာပါသူတွေအတွက် အသုံးဝင်မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။

## နိုင်ငံခြားအလုပ်အကိုင်ရှာဖွေ နေသူများအတွက်

{ http://www.jobstreet.com/ }



နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ရယူဖတ်ရှုနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာမလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဂျပန်နဲ့ ဟောင်ကောင်တို့မှ အလုပ်အကိုင်များကို ရှာဖွေဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ သင်ရှာဖွေနေတဲ့အလုပ်အကိုင်အမျိုးအစားကို Search Box မှာရှာဖွေနိုင်သလို Specialization ဆိုတဲ့နေရာမှာလည်း လုပ်ကိုင်လိုတဲ့ အလုပ်အကိုင်ကို ရွေးချယ်ရှာဖွေနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရဲ့ဘယ်နေရာဒေသမှာလုပ်ကိုင်လိုတယ် ဆိုတာကိုလည်း ကြည့်ရှုနိုင်မှာဖြစ်ပြီး ပညာရှင်မှအစ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်လိုသည့်သူများပါ အလုပ်အကိုင်အတွက်ရှာဖွေကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ အလုပ်အတွက် လိုအပ်တဲ့ အရည်အချင်းတွေနဲ့ အလုပ်အတွေ့အကြုံတွေကို သင်ရှာဖွေတွေ့ရှိတဲ့အလုပ်အကိုင်မှာအသေးစိတ်ဖော်ပြထားမှာကို တွေ့ရမှာဖြစ်ပါတယ်။

WORD

# Chief Data Officer

**နောင်နောင်**

Chief data officer (CDO) ဆိုသည်မှာ အဖွဲ့အစည်းတစ်ခုရှိ အချက်အလက် စီမံထိန်းချုပ်မှုနှင့် ဖုံးကွယ်ထားသည့် အချက်အလက်များကို ရှာဖွေခြင်းတို့အတွက် တာဝန်ရှိသည့် C-level corporate executive တစ်ဦးဖြစ်သည်။ CDO ရာထူးသည် chief information officer (CIO) နှင့် ဆက်နွယ်သော်လည်း မတူညီပေ။ ပုံမှန်အားဖြင့် CDO မှာအဖွဲ့အစည်းတစ်ခုရှိ chief executive officer (CEO) နှင့် Chief technology officer (CTO) ထံ တင်ပြရမည်ဖြစ်သည်။

CDO ၏ အဓိက ရည်ရွယ်ချက် မှာ အချက်အလက်ပမာဏဖြစ်ပေါ်မှုနှင့် ထိန်းသိမ်းမှုတိုးပွားလာခြင်းမှ ကုမ္ပဏီ၏ တန်ဖိုးကိုမြင့်နိုင်သမျှ မြင့်အောင် ပြုလုပ်ခြင်းဖြစ်သည်။ CDO သည် ကုမ္ပဏီက လိုအပ်သည့်အခါ သင့်လျော်သည့် အချက်အလက်များ စုဆောင်းပြီး ဖြည့်ဆည်းပေးခြင်း၊ အချက်အလက်များကို စိစစ်ခြင်း၊ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် ရလဒ်များကို ထောက်ပံ့ပေးခြင်း စသည်တို့ကိုပြုလုပ်ရမည် ဖြစ်သည်။

CDO ရာထူးလိုအပ်ချက်သည်ကော်ပိုရေးရှင်းများမှ အချက်အလက် ရယူစုဆောင်းမှု တိုးပွားလာခြင်းကြောင့် မြင့်တက်လာခဲ့သည်။ Gartner မှ သုတေသနစစ်တမ်းအရ လာမည့်နှစ်နှစ်အတွင်း IT အလုပ်အကိုင် ၄.၄ သန်းမှာ အချက်အလက်များစွာကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုမှာပင် ၁.၉ သန်းရှိကြောင်း သိရသည်။ ထို့အပြင် ၂၀၁၅ ၌ Fortune 500 ကုမ္ပဏီ များ၏ ၅၀ ရာခိုင်နှုန်းတွင် CDO များရှိလာမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ကထက် ငါးရာခိုင်နှုန်း မြင့်တက်လာမည်ဟု Russell Reynolds Associates ကုမ္ပဏီ၏ အမှုဆောင်ရှာဖွေရေးဌာနမှ စီမံဒါရိုက်တာ ရှောင်ဘာနာဂျီက ပြောကြားခဲ့သည်။

## သို့ ဘယ်ဒီတာ

**အင်တာနက်ချိတ်ဆက်ထားတဲ့ဖုန်းကနေ laptop တစ်လုံးဆီကို ချိတ်ဆက်အသုံးပြုနိုင်ပါသလား။ ဘယ်လိုချိတ်ဆက်ရမလဲဆိုတာကို သိချင်ပါတယ်။**

အင်တာနက်ချိတ်ဆက်ထားတဲ့ဖုန်းကနေ laptop ထံ ချိတ်ဆက်နိုင်ပါတယ်။ ဒါပေမဲ့ GSM ကနေအင်တာနက်ချိတ်ဆက်ပုံနဲ့ CDMA ကနေ အင်တာနက်ချိတ်ဆက်ပုံ မတူပါဘူး။ GSM ကနေ အင်တာနက်ချိတ်ဆက်ရတာက လွယ်ပါတယ်။ ပထမဆုံးဆုံးဖုန်းနဲ့ လက်တော့ပ်ကို USB နဲ့ချိတ်ပါ။ ဖုန်းမှာအင်တာနက်ကို ဖွင့်ပါ။ Settings ထဲက Wireless & networks ကိုဝင်ပါ။ Tethering & portable hotspot ထဲက USB Tethering ကိုအမှန်ခြစ်ပါ။ ကွန်ပျူတာမှာ network icon ပေါ်လာပြီဆိုရင် GSM ဖုန်းနဲ့ laptop အင်တာနက်ချိတ်ဆက်မှုပြီးဆုံးပါပြီ။

CDMA နဲ့ချိတ်ဆက်တဲ့ အခါမှာတော့ ပထမဦးဆုံးဖုန်းရဲ့ modem driver ကို PC မှာ install လုပ်ရပါမယ်။ Install လုပ်ပြီးတဲ့အခါမှာ PC မှာ Control Panel > Network and Internet > Internet Options ကိုနှိပ်ပါ။ Dialup Connection ကိုရွေးပါ။ Dial up phone number မှာ #777 ကိုထည့်ပါ။ Username မှာဖုန်းရဲ့ APN မှာသုံးထားတဲ့ ဥပမာ username@c800.mm ကိုထည့်ပါ။ Password ကိုလည်း ဖုန်း APN မှာသုံးထားတဲ့ password ကိုထည့်ပါ။ Connection Name မှာတော့ နှစ်သက်ရာအမည် (EVDO, CDMA 800 စသည်ဖြင့်) ပေးထားနိုင်ပါတယ်။ ထို့နောက် Connect လုပ်ပါ။ PC ရဲ့ညာဘက်ထောင့်အောက်မှာ network icon ပေါ်လာပါမယ်။ အင်တာနက်အသုံးပြုမှု ရပ်ဆိုင်းလိုပါက network icon မှာ right-click နှိပ်ပြီး Disconnect ကိုနှိပ်ပါ။ ပြန်လည်ချိတ်ဆက်လိုပါက Network icon ကိုနှိပ်ပြီးပေါ်လာတဲ့ Connection Name ကိုနှိပ်ပြီး ချိတ်ဆက်နိုင်ပါတယ်။

**Instagram မှာပြင်ထားတဲ့ ဓာတ်ပုံတွေကို Facebook Page မှာ share ချင်ပါတယ်။ ဘယ်လိုလုပ်ရမလဲဆိုတာဖြေကြားပေးပါ။**

Instagram ကနေ ဓာတ်ပုံတွေကို share တဲ့အခါမှာ default location အနေနဲ့ Timeline သို့မဟုတ် Wall ပေါ်မှာ share လုပ်ပေးပါတယ်။ ဒါပေမဲ့ Facebook Page တစ်ခုမှာ share လုပ်လိုတဲ့အခါ default location ကို ပြောင်းပေးရပါမယ်။ iOS app မှာ deafult location ကို ပြောင်းလဲဖို့အတွက် profile page ရဲ့ ညာဘက်အပေါ်ထောင့်နားက စက်သွားပုံ icon ကိုနှိပ်ပါ။ Android app မှာဆိုရင် ညာဘက်ထောင့်နားက Menu icon ကိုနှိပ်ပြီး profile စာမျက်နှာထံသွားပါ။ Share Settings ကိုနှိပ်ပါ။ Facebook ကိုနှိပ်ပြီး "Share Photos to" ကိုနှိပ်ပါ။ Screen ပေါ်မှာ Facebook Page တွေပေါ်လာပါမယ်။ ဓာတ်ပုံ share လိုတဲ့ page ကိုရွေးပါ။ Wall ပေါ်မှာပြန် share လိုတယ်ဆိုရင်တော့ Share Photos to မှာ Wall ကို ပြန်ရွေးပါ။

**iPad Password မေ့သွားလို့ပါ။ ဘယ်လိုပြန်လုပ်ရမလဲသိချင်ပါတယ်။ ရှင်းပြပေးပါ။**

iPad Password မေ့သွားတဲ့အခါ iPad ကိုပြန်လည်အသုံးပြုနိုင်ဖို့အတွက် restore ပြန်လုပ်ရမယ့် နည်းလမ်းတစ်ခုပဲရှိပါတယ်။ iPad ကို restore လုပ်တဲ့အခါမှာ အသုံးပြုသူရဲ့ သီချင်း၊ ဓာတ်ပုံ၊ ဗီဒီယို၊ app စတာတွေ ပျက်သွားမှာပါ။ ဒါကြောင့် iPad ကို restore မလုပ်ခင် back up လုပ်ထားရပါမယ်။ လုပ်ဆောင်နည်းကတော့ အောက်ပါအတိုင်းပါ။

- iPad ကို ကွန်ပျူတာမှာချိတ်ပါ။
- iTunes sidebar မှာ ipad ကိုရွေးပြီး Summary tab ကိုနှိပ်ပါ။
- Restore ကိုနှိပ်ပါ။ Restore မလုပ်ခင်မှာ iPad ကို back up လုပ်ထားဖို့လိုပါတယ်။
- Restore လုပ်ငန်းစဉ် ပြီးဆုံးသွားတဲ့အခါမှာ iPad ကို new ipad အနေဖြင့် set up လုပ်ခြင်းကိုရွေးပါ။ ဒါမှမဟုတ် back up လုပ်ထားတဲ့ content တွေကို restore လုပ်ခြင်းကို ရွေးပါ။

**ကွန်ပျူတာနည်းပညာနှင့် ပတ်သက်သည့် မေးခွန်းများကို သိရှိလိုပါက ijeditorial@informationmatrix.com သို့ အပတ်စဉ်ဗုဒ္ဓဟူးနေ့နောက်ဆုံးထား၍ မေးခွန်းများပေးပို့နိုင်သည်။**

# Converter Plus

- [illegible]

Converter Plus ဆိုတာကတော့ Online မှ Video ဖိုင်တွေကို ဒေါင်းလုပ်ရယူပြီး MP3, M4A, AAC, FLAC, MOV, WAV, MP4 အစရှိတဲ့ Format တွေပြောင်းလဲပေးနိုင်မယ့် Multi-use ဆော့ဖ်ဝဲ အမျိုးအစားတစ်ခုဖြစ်ပါတယ်။ Converter Plus ရဲ့ စွမ်းဆောင်ရည်ပိုင်းနဲ့ ပတ်သက်လို့ကတော့ Cnet မှာ Editor Rate 5 Star နဲ့ User Rate 4 Star ထိ ရရှိထားပါတယ်။ လက်ရှိဗားရှင်းကတော့ 6.1.1 ဖြစ်ပြီး၊ အခမဲ့အသုံးပြုနိုင်မယ့် Freeware အမျိုးအစားတစ်ခုဖြစ်ပါတယ်။ OS အမျိုးအစားအတွက်တော့ Windows NT/98 ကစပြီး Windows 8 အထိ ထည့်သွင်းအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

Converter Plus ရဲ့ User Interface နဲ့ လုပ်ဆောင်မှုအပိုင်းတွေကို လေ့လာကြည့်မယ်ဆိုရင်တော့ အသုံးပြုသူတွေအတွက်စိတ်ကျေနပ်မှုကို အပြည့်အဝ ပေးနိုင်မှာဖြစ်ပါတယ်။ Installation Process ကစတင်ပြီး သိရှိနိုင်တာ တစ်ခုကတော့ သာမန် Home Use ဆော့ဖ်ဝဲတစ်ခုအဖြစ်သာမကဘဲ Professional သုံး ဆော့ဖ်ဝဲ အမျိုးအစားတစ်ခုအဖြစ်ပါ အသုံးချနိုင်မှာဖြစ်ပါတယ်။ ဆော့ဖ်ဝဲကို ပထမဆုံးစတင်အသုံးပြုချိန်မှာတော့ ပါဝင်တဲ့ Layer တွေအလိုက် Loading ပြုလုပ်တဲ့အချိန်ကို ၁၀ မိနစ်ခန့် ပေးရမှာ ဖြစ်ပါတယ်။ Performance ကောင်းမွန်တဲ့ PC တွေ အတွက်ဆိုရင်တော့ အဆိုပါအချိန်ထက်နည်းတဲ့ အချိန်ပမာဏသာ ကြာမြင့်မှာဖြစ်ပါတယ်။ Converter Plus အတွက် လိုအပ်ချက်တစ်ခုကတော့ Internet Explorer Web Browser မှာ Flash Player ကို Install ပြုလုပ် ပေးထားရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ဘူးဆိုရင်တော့ ရှေ့ဆက်ပြီးလုပ်ဆောင်ချက်တွေကို ပြုလုပ်နိုင်မှာ မဟုတ်ပါဘူး။

အခြားသော Converter ဆော့ဖ်ဝဲတွေထက် စာရင်တော့ Converter Plus ဟာ Installation ပိုင်းမှာ အနည်းငယ်ရှုပ်ထွေးနေမှာဖြစ်ပေမယ့် အသုံးပြုတဲ့နေရာမှာတော့ စွမ်းဆောင်ရည်ပိုင်းဟာ ထိပ်တန်းလို့ဆိုနိုင်မှာ ဖြစ်ပါတယ်။ UI ဟာဆိုရင် အနက်ရောင်တစ်မျိုးထဲကို သီးသန့်အသုံးပြုထားပြီး Title Menu, Tab Menu တို့ကို ထည့်သွင်းပေးထားပါတယ်။ Menu မှာ ပါဝင်တာတွေကတော့ File, View, Navigation, Tools, Skins, Chat, Terms, Help တို့ပါဝင်ပြီး၊ Tab Menu မှာတော့ Music, Video, Convert, My Files, Watch TV, Radio, Games တို့ ပါဝင်ပါတယ်။ အောက်ဆုံးမှာတော့ Media Player အသေးစားလေးကို ထည့်သွင်းပေးထားပါတယ်။ Skins Menu မှတစ်ဆင့် ဆော့ဖ်ဝဲကို မိမိကြိုက်နှစ်သက်ရာအရောင်နဲ့ ဒီဇိုင်းပြောင်းလဲအသုံးပြုနိုင်မှာဖြစ်သလို၊ ဆော့ဖ်ဝဲအသုံးပြုခြင်းနဲ့ ပတ်သက်တဲ့ အခက်အခဲတွေကိုလည်း Help မှ တစ်ဆင့် ရှာဖွေလေ့လာနိုင်မှာ ဖြစ်ပါတယ်။ Converter Plus မှာဆိုရင် Tab Menu မှာပါဝင်တဲ့ Watch TV, Radio, Games တို့ဟာဆိုရင် Online TV, Radio, Game တွေကို ထိတွေ့နိုင်ဖို့အတွက် ထည့်သွင်းပေးထားပြီး Converter တစ်ခုအသွင်ထက်ပိုမိုတဲ့ စွမ်းဆောင်ရည်ကို မြင်တွေ့နိုင်မှာဖြစ်ပါတယ်။




User Interface ရဲ့ အလယ်မှာတော့ Converter Plus ရဲ့ အဓိက လုပ်ဆောင်ချက်နှစ်ခုဖြစ်တဲ့ Music Search နဲ့ Video to MP3 Converter ကိုဖော်ပြပေးထားပါတယ်။ သီချင်းများကို ရှာဖွေတဲ့နေရာမှာတော့ အဆိုတော်နာမည်နဲ့ ရှာဖွေနိုင်မှာဖြစ်သလို၊ သီချင်းနာမည်နဲ့လည်း ရှာဖွေနိုင်မှာ ဖြစ်ပါတယ်။ Video to MP3 Converter ဟာဆိုရင်တော့ စိတ်ဝင်စားဖို့ကောင်းတဲ့ Feature တစ်ခုဖြစ်ပါတယ်။ တကယ်လို့ များသင်ဟာ Youtube ထဲက သီချင်းဖိုင်တစ်ခုကို MP3 ပြောင်းချင်တယ်ဆိုရင် URL ကို ထည့်သွင်းပြီးတိုက်ရိုက်ပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။ မိမိကွန်ပျူတာထဲက ဖိုင်တစ်ခုကို ပြောင်းလဲချင်တယ်ဆိုရင်လည်း Converter Local File ကို နှိပ်ပြီးပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။ Converter Plus ကို အသုံးပြုသူများအနေနဲ့တော့ ခက်ခဲတဲ့လုပ်ဆောင်ချက်တွေမပါဝင်ဘဲ လွယ်ကူရိုးရှင်းတဲ့ လုပ်ဆောင်ချက်တွေနဲ့အတူ မိမိကိစ္စအရပ်ရပ်ကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

Converter Plus ကို ခြုံငုံလေ့လာသုံးသပ်ကြည့်မယ်ဆိုရင်တော့ Online Entertainment ဆော့ဖ်ဝဲအမျိုးအစားတစ်ခုအဖြစ်ပါ အသုံးပြုနိုင်တာကို တွေ့ရပါတယ်။ Online Radio, TV တို့ကို ကြည့်ရှုနိုင်မှာဖြစ်တဲ့အပြင် ဂိမ်းတွေကိုပါ ဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။ အဓိက လုပ်ဆောင်ချက်အပိုင်းတွေဖြစ်တဲ့ Music Convert အပိုင်းမှာဆိုရင်လည်း Format အတော်များများကို အထောက်အပံ့ပေးထားပြီး၊ URL မှတစ်ဆင့် MP3 ပြောင်းလဲပေးနိုင်တဲ့ Feature ဟာ ဆိုရင်များစွာစိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါကြောင့်မို့ ဆန်းသစ်မှုများစွာနဲ့ အသုံးဝင်တဲ့ Converter Plus ကို စာဖတ်ပရိတ်သတ်တွေနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

Internet Journal
Vol.14, No.06 | Thursday, February 07, 2013

# Android နှင့် iOS အတွက် အကောင်းဆုံး Photo app များ

ဘမ်ဘီ

## Android

Snapseed (free)

Google ကထုတ်လုပ်ထားတဲ့ Snapseed ဟာ ဓာတ်ပုံတွေကို tap တစ်ချက်လုပ်ရုံနဲ့ ပြင်နိုင်တဲ့ photo-editing app မဟုတ်ပါဘူး။ ဓာတ်ပုံတွေရဲ့ color levels, saturation, brightness, white balance, contrast စတာတွေကို ချိန်ညှိခြင်းအတွက် သုံးနိုင်ပါတယ်။ ဒါ့အပြင် ဓာတ်ပုံတွေကို တည့်ခြင်း၊ filter များထည့်သွင်းခြင်းစတာတွေကိုလည်း ပြုလုပ်နိုင်ပါတယ်။ ထူးခြားတဲ့ gesture အခြေခံ interface ကိုအသုံးပြုထားတာကြောင့် ဓာတ်ပုံတွေကိုပြင်ဆင်တဲ့အခါမှာ အလွယ်တကူပြင်ဆင်နိုင်ရုံသာမက နှစ်သက်ဖွယ်ကောင်းတာကိုတွေ့ရပါမယ်။



Pixlr Express (free)

Photography အမျိုးအစားထဲက စွမ်းဆောင်ရည်အကောင်းဆုံး Android app များထဲက တစ်ခုဖြစ်တဲ့ Pixlr Express မှာ Effect ၆၀၀ ကျော်ပါဝင်ပါတယ်။ AutoCAD ကိုထုတ်လုပ်တဲ့ Autodesk ကထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဓာတ်ပုံများကို ပြင်ဆင်လိုတဲ့အခါမှာ tap တစ်ချက်တည်း နှိပ်ရုံနဲ့ အရောင်များကို ပိုမိုတောက်ပအောင်ပြုလုပ်ပေးခြင်း၊ exposure ပြဿနာကို အစားထိုးပြင်ဆင်ပေးခြင်း၊ contrast level များကို ချိန်ညှိပေးခြင်း စတာတွေကိုပြုလုပ်ပေးပါတယ်။ ဒါ့အပြင် Focal Blur လို့ခေါ်တဲ့ tool ဟာလည်း Instagram ရဲ့ tilt-shift ကဲ့သို့စွမ်းဆောင်ပေးနိုင်ပါတယ်။




Fotodanz (free)

Fotodanz ဟာ iOS အတွက် ထုတ်လုပ်ထားတဲ့ နာမည်ကျော် Cinemagram app နဲ့ဆင်တူပြီး Android ထုတ်ကုန်ရဲ့ ကင်မရာနဲ့လှုပ်ရှားနေတဲ့ ရုပ်ငြိမ်ဓာတ်ပုံ (Cinemagraph) တွေကို ဖန်တီးနိုင်ပါတယ်။ Cinemagraph ဆိုတာဟာ ရုပ်ငြိမ်ဓာတ်ပုံနဲ့ animated GIF များကို ပေါင်းစပ်ထားတဲ့ ပုံရိပ်များဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ဖန်တီးရခက်ခဲပေမယ့် Fotodanz ကိုအသုံးပြုတဲ့အခါ အလွယ်တကူ ဖန်တီးပြုလုပ်နိုင်ပါတယ်။ ၎င်း app ကိုအသုံးပြုတဲ့အခါမှာ ဓာတ်ပုံတစ်ပုံကို ပုံမှန်အတိုင်းရိုက်ကူးရပါတယ်။ ရုပ်ငြိမ်ဓာတ်ပုံရိုက်ကူးနေစဉ်မှာ Fotodanz ဟာ ဗီဒီယိုစက္ကန့်အနည်းငယ်ကို တစ်ပြိုင်နက်တည်း ရိုက်ကူးပေးပါတယ်။

Instagram (free)

Instagram ကတော့ ဓာတ်ပုံတွေကို tool တွေအများကြီးနဲ့ပြင်ဆင်ပေးနိုင်မယ့် photo editor မဟုတ်ပါဘူး။ ဒါပေမဲ့ လှပတဲ့ filter တွေနဲ့ tilt-shift effect တွေကို ဓာတ်ပုံမှာထည့်သွင်းပြီး ပြင်ဆင်ပေးနိုင်ပါတယ်။ Twitter လိုမျိုးအခြား အသုံးပြုသူများထံ follow လုပ်နိုင်ပြီး ဓာတ်ပုံများကို like လုပ်ခြင်း၊ comment ရေးသားခြင်းတို့ကိုလည်း ပြုလုပ်နိုင်ပါတယ်။ Facebook မှာ ပေါင်းစပ်ထည့်သွင်းပေးထားတဲ့အတွက် geotag ပါဝင်တဲ့ဓာတ်ပုံတွေကို မှတ်သားပေးနိုင်မယ့် Photo Map feature လည်း ပါဝင်ပါတယ်။

Photo Grid Free (free)

Photo Grid Free ဆိုတာကတော့ မြောက်မြားစွာသော ဓာတ်ပုံတွေကို တစ်ပုံတည်းအဖြစ် ပေါင်းစပ်ပြီး ဝေမျှပေးနိုင်မယ့် Android app ဖြစ်ပါတယ်။ ၎င်းမှာ ပုံဖော်ထားနိုင်တဲ့ template များစွာပါဝင်ပြီး ဓာတ်ပုံ ၉ ပုံအထိ ပေါင်းစပ်ထားနိုင်ပါတယ်။ ဒါ့အပြင် ဓာတ်ပုံများကို အကြီးချဲ့နိုင်ပြီး မတူညီတဲ့ collage frame များနဲ့လည်း လဲလှယ်နိုင်ပါတယ်။

## iPhone

Camera+(99 cents)

Camera+ ကတော့ အသုံးတည့်စေမယ့် tweak များစွာပါဝင်တဲ့ image-editing tool တစ်ခုဖြစ်ပါတယ်။ ဒီဂျစ်တယ်ကင်မရာပါဝင်တဲ့ scene တွေကို simulated flash, sunset, back-lit images, portrait စတဲ့ effect တွေနဲ့ ရိုက်နိုင်ပါတယ်။ ဒါ့အပြင် ဓာတ်ပုံတွေကို crop လုပ်နိုင်သလို အရွယ်အစားလည်း ရွေးချယ်ပြုလုပ်နိုင်ပါတယ်။




Camera+ မှာ filter တွေနဲ့ effect တွေကို ထည့်သွင်းလိုတဲ့အခါမှာ grid လိုမျိုး layout နဲ့အလွယ်တကူ ပြုလုပ်နိုင်မှာဖြစ်ပြီး မူလပုံနဲ့ သိသာစွာ ကွဲပြားတဲ့ ပြောင်းလဲမှုတွေကို touch လုပ်ရုံနဲ့ မြင်တွေ့နိုင်ပါတယ်။ Filter တွေကို အမျိုးအစားအလိုက် စီထားပေးပါတယ်။

Picfx ($1.99)




Picfx ဟာ ဓာတ်ပုံဆရာတွေအတွက် အကောင်းဆုံး app မဟုတ်ပေမယ့် ဓာတ်ပုံတွေကို layered effect များစွာနဲ့ ပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် layer များစွာကိုလည်း ထည့်သွင်းနိုင်တဲ့အတွက် ဓာတ်ပုံတစ်ပုံကို လုံးဝကွဲပြားသွားအောင် ပြောင်းလဲနိုင်ပါတယ်။ နောက်ပြီး Filter မြောက်မြားစွာနဲ့ crumpled paper လိုမျိုး texture အချို့လည်း အသုံးပြုနိုင်ပါတယ်။

Gridditor ($1.99)

ဒီ app ဟာ ဓာတ်ပုံများမှာ filter နဲ့ effect များကိုထည့်သွင်းပေးတဲ့ app အများစုနဲ့ ကွဲပြားပါတယ်။ Gridditor မှာဓာတ်ပုံတစ်ပုံကိုပြင်လိုတဲ့အခါ ဓာတ်ပုံကို focal point အနေနဲ့ဖော်ပြပေးထားပါတယ်။ Grid ရဲ့အလယ်မှာ effect တွေမပါဝင်တဲ့ မူလဓာတ်ပုံကို ဖော်ပြပေးထားပြီး grid ရဲ့ဘေးပတ်ပတ်လည်မှာတော့ effect တစ်ခုချင်းစီပါဝင်တဲ့ ပုံတွေကိုဖော်ပြပေးမှာဖြစ်ပါတယ်။

Photo Toaster ($1.99)

Photo Toaster ကတော့ preset effect တွေအမြောက်အမြားပါဝင်တဲ့ Photo app တစ်ခုဖြစ်ပါတယ်။ ဓာတ်ပုံတစ်ပုံမှာ effect များအနက်မှ နှစ်သက်ရာတစ်ခုကို ရွေးချယ်အသုံးပြုနိုင်ပြီး onscreen slider များနဲ့လည်း effect တွေကို စိတ်ကြိုက်ပြင်ဆင်နိုင်ပါတယ်။ နောက်ပြီး lighting, common effects, image texture, border တွေကိုလည်း အောက်ခြေတိုက်မှာရှိတဲ့ ခလုတ်တစ်ခုချင်းစီကို နှိပ်ပြီး အသုံးပြုနိုင်ပါတယ်။

KitCam ($1.99)

KitCam ကတော့ App Store မှာအသစ်ရောက်လာတဲ့ photo and video editing tool သစ်တစ်ခုပါ။ အလွယ်တကူအသုံးပြုနိုင်တဲ့ tool layout, ထူးခြားဆန်းသစ်တဲ့ effect တွေနဲ့ ပုံတွေကို အကောင်းဆုံးပြုလုပ်ပေးနိုင်မယ့် fine-tuning လုပ်ဆောင်နိုင်စွမ်းတွေကို ထောက်ပံ့ပေးထားပါတယ်။ အသုံးတည့်စေမယ့် tool များစွာလည်းပါဝင်ပြီး filter တွေကိုလည်း ဓာတ်ပုံမရိုက်ခင် preview အနေနဲ့ပြသပေးပါတယ်။ Full HD video များကိုလည်း ရိုက်ကူးပေးနိုင်ပါတယ်။

IRIS International Education Agency
"အခမဲ့ပညာရေးဝန်ဆောင်မှုများ"
ဩစတြေးလျ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း နိုင်ငံများရှိတက္ကသိုလ်၊ ကောလိပ် နှင့် ကျောင်းများတွင် Primary မှ ဘွဲ့ရသည်အထိ မိမိသွားလိုသောနိုင်ငံသို့ ကျောင်းလျှောက်ပေးခြင်း၊ ကျောင်းဝင်ခွင့်ဖြေဆိုရန် လိုအပ်သည်များ စီစဉ်ပေးခြင်း၊ ဗီဇာ လျှောက်ပေးခြင်း၊ နေရာထိုင်ခင်း စီစဉ်ပေးခြင်း။ အသေးစိတ်သိရှိလိုပါက -
ဘီ (၃၈၅-၃၈၉)၊ ပထပ်၊ ဂလိုဘယ်တာဝါ (ပန်းဆိုးတန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၃၇၈၂၁၉၊ ၀၉-၇၃၀၆၅၁၃၁၊ ၀၉-၇၃၁၇၂၇၇၀

NATIONAL CD
အသစ်အဆောင်းဆုံးလင်စွာ ရနိုင်သောနေရာ
- Language & educational CDROM
- Installers & graphic softwares
- Reference, hobby and medical CDroms
- Latest PC Games and eBooks
အမှတ် ၃၇၅ ဗိုလ်ချုပ်အောင်ဆန်းလမ်း (လမ်း၃၀ထောင့်) ရန်ကုန် ဖုန်း ၇၀၈၂၂၅
အမှတ် ၁၆၁ (၃၄)လမ်း အထက် ကျောက်တံတား ရန်ကုန် ဖုန်း ၂၅၂၆၀၄၊ ၃၈၄၇၇၀
အမှတ် ၄၈၆ (၈၂)လမ်း (၃၅)နှင့်(၃၆)လမ်းကြား မန္တလေး ဖုန်း ၀၉-၆၁၀၀၂၅၇၂

QUICK COMPUTER TRAINING CENTER
အရှေ့ပလာဇာ၊ဆိပ်ကမ်းသာ(အပေါ်လမ်း)ဖုံး ၂၅၆၆၈၆/၀၉-၇၃၀၀၇၃၉၃
မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်
◈ ဂျပန်၊ထိုင်းကုမ္ပဏီများ၏စက်ရုံအလုပ်ရုံများ
◈ Engineering Design ရေးဆွဲသည့်လုပ်ငန်းများ
◈ ဆောက်လုပ်ရေးလုပ်ငန်းများအတွက်
AutoCAD + Job Opportunity
ကြိုတင်ပြင်ဆင်ထားပါ

# Google ကိုထင်ရှားစေခဲ့တဲ့ ထိပ်တန်းထုတ်ကုန် ၁၀ ခု

Google ဆိုတာ Online လောကရဲ့ရှေ့ဆောင် ကုမ္ပဏီကြီးတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး Search Engine တစ်ခုကိုပိုင်ဆိုင်ထားပြီး၊ အခြားသော Online ဝန်ဆောင်မှုလုပ်ငန်းများစွာကိုလည်း လုပ်ဆောင်လျက်ရှိနေပါတယ်။ နည်းပညာနယ်ပယ်မှာဆိုရင် Google ကိုမသိသူမရှိလောက်အောင်ထင်ရှားပြီး၊ အောင်မြင်မှုများစွာကိုလက်ဆုပ်လက်ကိုင်ပြုထားတဲ့ ကုမ္ပဏီတစ်ခုလည်းဖြစ်ပါတယ်။ Google ကို ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့က စတင်တည်ထောင်ခဲ့ပြီး သက်တမ်းအနေနဲ့တော့ ၁၄ နှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ Google ရဲ့ တည်ထောင်သူတွေကတော့ Larry Page နဲ့ Sergey Brin တို့ပဲဖြစ်ပါတယ်။ သူတို့ရဲ့ သက်တမ်း ၁၄ နှစ်အတွင်းမှာ ဖန်တီးခဲ့တဲ့ထုတ်ကုန်တွေထဲက ၁၀ ခုအကြောင်းကို စုစည်း တင်ပြပေးမှာဖြစ်ပါတယ်။

- ကိုစိုင်း

## Search Engine (www.google.com)




Google လို့ဆိုလိုက်တာနဲ့ မဖြစ်မနေပါဝင်လာတာကတော့ Search Engine ပဲဖြစ်ပါတယ်။ Google Search Engine ဟာဆိုရင် ကမ္ဘာတစ်ဝန်းက အင်တာနက်အသုံးပြုသူပေါင်းများစွာရဲ့ အားထားရာနေရာတစ်ခုလည်းဖြစ်ပါတယ်။ လိုအပ်တာမှန်သမျှကို Google Search Engine မှတစ်ဆင့် ရှာဖွေနိုင်မှာဖြစ်သလို သတင်း၊ ဓာတ်ပုံ၊ စာအုပ်အပါအဝင် Video အတွက်လည်း Google က Youtube ကိုဝယ်ယူခဲ့ပါတယ်။ အမေရိကမှာ Google ရဲ့ Search Engine Market ဟာ ၆၅. ၆ ရာခိုင်နှုန်းကျော် ရရှိထားပါတယ်။ ၂၀၁၁ ခုနှစ် မတ်လမှာတော့ Search Engine နဲ့ပတ်သက်တဲ့ Algorithm ကိုပြောင်းလဲခဲ့ပြီး အကောင်းဆုံးသောဝန်ဆောင်မှုတွေကို ပေးအပ်ခဲ့ပါတယ်။

## Blog




Google Blog ဟာဆိုရင် စာရေးဝါသနာပါတဲ့သူတွေကို Online ပေါ်မှာ Web Site လေးတစ်ခုအလွယ်တကူဖန်တီးနိုင်ဖို့အတွက် အကောင်းဆုံးအထောက်အပံ့ပေးခဲ့တဲ့ နေရာလေးတစ်ခုဖြစ်ပါတယ်။ Google ရဲ့ကျေးဇူးကြောင့် Blogger များစွာပေါ်ထွက်ခဲ့ပြီး Knowledge Sharing ပိုင်းကိုအားသန်စေခဲ့တာဖြစ်ပါတယ်။ ဖန်တီးမှုအပိုင်းမှာလည်း အလွန်လွယ်ကူပြီး၊ လုံခြုံမှုအပိုင်းမှာလည်း ရေးသားသူတစ်ယောက်အဖို့များစွာစိတ်ချရတဲ့အနေအထားတစ်ခုဖြစ်ပါတယ်။ Blog တစ်ခုဖန်တီးဖို့ရာအတွက် အလွယ်ကူဆုံးနေရာလေးတစ်ခုဖြစ်ပါတယ်။

## Android

Android ဆိုတဲ့ စက်ရုပ်ကလေးကိုလည်း Google ကပဲဖန်တီးခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ Appleရဲ့ iOS နဲ့အပြိုင် Mobile Platform ကိုဦးဆောင်နေတဲ့ Android ကို Google က ၂၀၀၇ ခုနှစ်ကစတင်ပြီး အစီအစဉ်ချရေးဆွဲခဲ့တာဖြစ်ပါတယ်။ သက်တမ်း ၆ နှစ်အတွင်းမှာ အောင်မြင်မှုကြီးကြီးမားမားပိုင်ဆိုင်ခဲ့ပြီး Version အမျိုးမျိုးကိုလည်းတိုးတက်ပြောင်းလဲထုတ်လုပ်ခဲ့ပါတယ်။ Mobile Product ကုမ္ပဏီအများစုဟာလည်း Open Source အမျိုးအစားဖြစ်တဲ့ Android ကိုနှစ်ခြိုက် သဘောကျကြပြီး၊ သုံးစွဲသူများအတွက်လည်း Android ဟာ ရင်းနှီးလွယ် Platform တစ်ခုဖြစ်လာပါတယ်။



## Google Translate

Translate ကတော့ ဘာသာစကားတစ်ခုနဲ့တစ်ခု အကြားမှာချိတ်ဆက်ပေးထားတဲ့ Google ရဲ့ဝန်ဆောင်မှုတစ်ခုဖြစ်ပါတယ်။ ဘာသာစကားများစွာရဲ့ဝန်ဆောင်မှုကို ပြုလုပ်ပေးထားနိုင်ပြီး၊ အဆိုပါ Translate ဟာဆိုရင် Youtube လိုနေရာမျိုးမှာလည်း တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Business Use အတွက်လည်း Translator Toolkit, Website Translator, Global Market Finder တို့ကိုဖန်တီးပေးထားပါတယ်။ Google Translate ဟာလည်း သုံးစွဲသူတွေအတွက် ကောင်းမွန်တဲ့ အထောက်အပံ့တစ်ခုဖြစ်ပါတယ်။




## Earth




Google Earth ဟာဆိုရင် နေရာတစ်ခုထဲမှာ ထိုင်နေရင်းနဲ့ ကမ္ဘာကိုလှည့်လည်သွားလာနိုင်တဲ့ ထုတ်ကုန်တစ်ခုဖြစ်ပါတယ်။ Google ဟာ သူတို့ရဲ့ထုတ်ကုန် Earth ကို အကြိမ်ကြိမ်ပြင်ဆင်မွမ်းမံခဲ့ပြီး၊ Platform အတော်များများအပေါ်မှာ အလုပ်လုပ်နိုင်ဖို့အတွက်လည်းစီမံထားပါတယ်။ မြေပြင်နဲ့အနီးဆုံးအနေအထားတစ်ခုတိုင် အသုံးပြုနိုင်ဖို့ဖန်တီး ထားပြီး Update ဖြစ်တဲ့ပုံရိပ်တွေကိုအသုံးပြုသူများဆီပေးပို့နေပါတယ်။ Traffic တွေအတွက်လည်း ကြိုတင်သိရှိနိုင်ပြီး၊ Google ရဲ့ ထိပ်တန်းထုတ်ကုန်တွေထဲကတစ်ခုဖြစ်ပါတယ်။

## Google Play




Play Store ကိုတော့ ပြည်တွင်းသုံးစွဲသူတွေနဲ့ရင်းနှီးမှုအားနည်းနေပါတယ်သေးတယ်။ ဒါကလည်း အသုံးပြုဖို့ခက်ခဲတဲ့အနေအထားတစ်ရပ်ကြောင့်လို့ဆိုနိုင်မှာဖြစ်ပြီး၊ သုံးစွဲလာနိုင်ချိန်မှာတော့ Android User တွေ အတွက် များစွာတန်ဖိုးရှိလာမှာဖြစ်ပါတယ်။ Android App & Game များစွာကို Google Play အတွင်းမှရယူနိုင်မှာဖြစ်ပြီး လွယ်ကူအဆင်ပြေစေတဲ့ Application Store တစ်ခုဖြစ်ပါတယ်။ Google ရဲ့ အကောင်းဆုံး ဖန်တီးမှုတွေထဲက တစ်ခုဖြစ်ပါတယ်။

## Google Drive

Google Drive ဟာဆိုရင် Cloud အခြေပြုဖိုင် သိုလှောင်မှုစနစ်တစ်ခုဖြစ်ပါတယ်။ သုံးစွဲသူအနေနဲ့ မိမိရဲ့ဖိုင်တွေကို Google Drive အတွင်း သိုလှောင်ထားနိုင်ပြီး အွန်လိုင်းရှိတဲ့ အခြားမည်သည့်နေရာကနေမဆို ရယူအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အသုံးပြုတဲ့နေရာမှာလည်း လွယ်ကူရိုးရှင်းဖို့အတွက် အကြိမ်ကြိမ်ပြုပြင်ပြင်ဆင်ထားပြီး၊ Gmail Accountတစ်ခုရှိရုံမျှဖြင့်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ စတင်အသုံးပြုသူများအတွက် 5 GB ပမာဏကို အခမဲ့အသုံးပြုခွင့်ရနိုင်မှာဖြစ်ပြီး ပိုမိုအသုံးပြုချင်တယ်ဆိုရင်တော့ သက်သာတဲ့နှုန်းထားနဲ့ ဝယ်ယူအသုံးပြုနိုင်မှာဖြစ်ပါတယ်။




## Google Plus

Google Plus ဆိုတာကတော့ Google ရဲ့ Social Network တစ်ခုဖြစ်ပြီး Facebook ကိုယှဉ်ပြိုင်မယ့် Google ရဲ့ Product တစ်ခုဖြစ်ပါတယ်။ သုံးစွဲမှုအပိုင်းမှာ အနည်းငယ်ရှုပ်ထွေးပေမယ့် Google ရဲ့ အကောင်းဆုံးပံ့ပိုးမှုအောက်မှာရှိနေတဲ့ ထုတ်ကုန်တစ်ခုလည်းဖြစ်ပါတယ်။ Social Network တစ်ခုဖြစ်တာနဲ့အညီ အပေါင်းအသင်း၊ မိတ်ဆွေ၊ သူငယ်ချင်းများစွာနဲ့ ဆုံတွေ့နိုင်မှာဖြစ်ပြီး၊ Gmail Account တစ်ခုရှိရုံနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။




## Gmail




Gmail ဟာဆိုရင်လည်း လုံးဝမေ့ထားလို့မရတဲ့ Google ရဲ့ အရေးကြီး ထုတ်ကုန်တစ်ခုဖြစ်ပါတယ်။ ပြည်တွင်းမှာဆိုရင် Email စနစ် တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ဖို့အတွက် Gmail ဟာ အကောင်းဆုံး အထောက်အပံ့ပေးခဲ့တာဖြစ်ပြီး၊ သိုလှောင်မှုပမာဏများပြားခြင်းနဲ့ ဝန်ဆောင်မှုစနစ် အားသာခြင်းတို့ဟာဆိုရင် Gmail ကိုနှစ်သက်မှုများပြားစေတာဖြစ်ပါတယ်။ Gmail ရဲ့ လုံခြုံမှုပိုင်းစနစ်တွေဟာလည်း အသုံးပြုသူကိုအကောင်းဆုံးကာကွယ်ပေးထားပြီး၊ အသုံးပြုရလွယ်ကူခြင်းဟာလည်း သုံးစွဲသူကို စိတ်တိုင်းကျစေပါတယ်။

## Chrome Browser & OS



Chrome OS ဟာဆိုရင် Cloud စနစ်ကို အပြည့်အဝထောက်ပံ့ပေးထားတဲ့ Computer Operating System တစ်ခုဖြစ်ပါတယ်။ Samsung, Acer တို့နဲ့တွဲဖက်ပြီး Chrome Book ကိုထုတ်လုပ်ခဲ့ပါတယ်။ Google ဟာ နည်းပညာနဲ့ပတ်သက်လာရင် လောဘကြီးတယ်လို့ဆိုနိုင်ပြီး၊ Browser လောကအတွင်းကိုလည်း Chrome Browser နဲ့ ဝင်ရောက်နေရာယူခဲ့ပါတယ်။ Chrome Brwoser ဟာဆိုရင် HTML 5 နည်းပညာကို အပြည့်အဝထောက်ပံ့ပေးထားနိုင်လို့ သုံးစွဲသူအများစုရဲ့ အားပေးမှုကိုရရှိနေပြီဖြစ်ပါတယ်။

Internet Journal
Vol.14, No.06 | Thursday, February 07, 2013

# Computer & Accessories

## Branded PC

| | |
|---|---|
| Acer Aspire M1935 Intel Pentium Dual Core G630 2.7GHz, DDR3 2GB, 500GB HDD, Intel HD Graphic | 322,500 |
| Acer Aspire M1935 Intel Pentium Dual Core G850 3.0GHz, DDR3 2GB, 500GB HDD, AMD Radeon HD7350 1GB, Super Multi Double Layer DVD RW. | 387,000 |
| Acer Aspire M1935 Intel Core i3 2120M 3.3 GHz, DDR3 2GB, ATI Radeon HD 7350 1GB, DVD Super Multi Double Layer.0 | 384,000 |
| Acer Aspire M3985 Intel Core i5 3450M 3.1GHz, DDR 3 4GB, AMD Radeon HD7470 2GB, 1TB HDD, USB 3.0 | 576,000 |
| Acer Aspire Z1800 Intel Dual Core G630 2.7GHz, DDR 3 2GB, Intel HD Graphic, 20" Acer Cinecrystal LED | 447,000 |
| Acer Aspire Z1800 Intel Dual Core G630 2.7GHz, DDR 3 2GB, Intel HD Graphic, 20" Acer Cinecrystal LED | 447,000 |
| Acer Aspire Z1620 Intel Dual Core G640 2.8GHz, DDR3 4GB, Intel HD Graphic, 20" Acer Cinecrystal LED | 477,000 |

## Monitor

| | | | |
|---|---|---|---|
| **LCD Monitor (HP)** | | **LCD Monitor (Acer)** | |
| HP 20" LCD Monitor 2011X | 155,000 | 18.5" S191HQLGb Monitor | 79,000 |
| HP 20" LED Monitor X20LED | 165,000 | 23" P238HLbmii Monitor | 158,000 |
| HP 20" LED Monitor 2311F | 200,000 | 23" 238 HL Monitor | 149,000 |
| **LCD Monitor (Viewsonic)** | | **LCD Monitor (Prolink)** | |
| 18.5" VA1938wa LED Monitor | 86,000 | 16" LCD Color Monitor | 68,000 |
| 22" VX2253MH LED Monitor | 142,000 | 18.5" LCD Wide DVI | 79,000 |
| 27" VX2753mh LED Monitor | 322,500 | 22" LED Color Monitor 2216TW | 145,000 |
| **LCD Monitor (ASUS)** | | **LCD Monitor (AOC)** | |
| 27" VG278H Monitor | $668 | 18.5" N950SW LCD | 80,000 |
| 24" ML248H Wide LED Monitor | $244 | 20" e2051F LED | 115,000 |
| 18.5" VS 197D Monitor | $102 | 23 e2352Phz LED | 355,000 |

## Memory Stick

| | |
|---|---|
| HP V218 4GB | 7,000 |
| HP 218 8GB (2 Year Warranty) | 9,000 |
| HP V245 4GB (2 Year Warranty) | 65,00 |
| HP V245 8GB (2 Year Warranty) | 8,000 |
| HP V135 4GB | 6,500 |
| HP V135 8GB | 7,500 |
| PNY (Lovely) 4GB | 6,000 |
| PNY (Lovely) 8GB | 7,500 |
| PNY (Lovely) 32GB | 28,500 |
| Kingston 101G2 4GB | 6,500 |
| Kingston 101G2 8GB | 8,000 |
| Kingston 101G2 16GB | 12,000 |
| Kingston Micro SD 4GB | 4,500 |
| Kingston Micro SD 8GB | 7,000 |
| Kingston Micro SD16GB | 10,500 |
| Kingston Micro SD 32GB | 22,500 |

## Motherboard

| | |
|---|---|
| MSI Z77 MPower (G3) (Intel Z77 Express Chipset) | 214,000 |
| MSI Z77A-GD65 (G3) (Intel Z77 Express Chipset) | 197,000 |
| MSI Z77MA-G45 (G3) (Intel Z77 Express Chipset) | 104,000 |
| MSI H7MA-G43 (Intel B77 Express Chipset) | 84,000 |
| MSI B75MA-P45 (Intel B75 Express Chipset) | 79,000 |
| MSI B75 MA-E33 (Intel B75 Express Chipset) | 74,000 |
| MSI Z68A -GD55 (G3) (Intel Z68 B3 Chipset) | 133,000 |
| ASUS RAMPAGE IV EXTREME (4xSATA 6.0 Gb/S), USB 3.0 | $445 |
| ASUS P9X79 DELUXE (4xSATA 6.0Gb/S), True USB 3.0 | $360 |
| ASUS SABERTOOTH X79 (4xSATA 6.0 Gb/S), USB 3.0 | $318 |
| ASUS Maximus V Extreme (6x SATA 6.0 Gb/S), USB 3.0 | $450 |
| ASUS Maximus IV Extreme-Z (4xSATA 6.0Gb/S) USB 3.0 | $320 |
| ASUS P8Z77-V DELUXE (4xSATA 6.0 Gb/S) USB 3.0 | $324 |
| ASUS SABERTOOTH Z77 (4x SATA 6.0 Gb/S), USB 3.0 | $280 |
| ASUS P8Z77 - V PRO (4xSATA 6.0 Gb/S), USB 3.0 | $255 |
| ASUS P8Z77-V LE PLUS (2x SATA 6.0Gb/S) USB 3.0 | $168 |
| ASUS P8H77-V LE (2xSATA 6.0Gb/S) USB 3.0 | $136 |
| ASUS P8B77-VLX (2xSATA 6.0Gb/S) USB 3.0 | $119 |
| ASUS P8H77-M (2x SATA 6.0 Gb/S) USB 3.0 | $98 |
| ASUS P8H77-MLE (2x SATA 6.0 Gb/S) USB 3.0 | $90 |
| ASUS P8V75-MLX PLUS (SATA 6.0 Gb/S) USB 3.0 | $88 |

## PC External HDD

| | | | |
|---|---|---|---|
| 250GB (WD) My Passport | 45,000 | 500GB (Toshiba)Portable USB 3.0 | 68,000 |
| 250GB (Cenda) C5 | 43,000 | 1000GB (Toshiba)Portable USB 2.0 | 87,000 |
| 320GB (Cenda) C5 | 50,000 | 500GB (WD) Elements USB 3.0 | 63,000 |
| 500GB (SG) Expansion USB 3.0 | 60,000 | 1000 GB (WD) Elements USB 3.0 | 92,000 |
| 1000GB (SG) Expansion USB 3.0 | 84,000 | 2000 GB (WD) Elements | 110,000 |
| 500GB (SG) Backup Plus USB 3.0 | 71,000 | 1000GB (Fujitsu) USB 3.0 | 105,000 |
| 1000GB (SG) Backup Plus USB 3.0 | 95,000 | 1000GB (Verbatim) USB 3.0 | 105,000 |
| 500GB (SG) FreeAgent USB 3.0 | 72,000 | 1000GB (Freecom) USB 3.0 | 105,000 |
| 1000 GB (SG) FreeAgent USB 3.0 | 117,000 | 500 GB NB HDD (Seagate/WDC) SATA | 51,000 |

## PC Internal HDD

| | |
|---|---|
| 250 GB (Seagate) SATA | 42,000 |
| 320 GB (Seagate) SATA | 49,000 |
| 500 GB (Seagate) SATA | 51,500 |
| 1000 GB (Seagate) SATA | 69,000 |
| 2000 GB (Seagate) SATA | 92,000 |
| 1500 GB (WD) SATA | 96,000 |
| 1500 GB (WD) SATA Black | 105,000 |

## PC Memory

| | |
|---|---|
| 1 GB (DDR2/400 MHz)Kingston | 28,000 |
| 2GB (DDR2/800MHz)Kingston | 21,000 |
| 2GB (DDR3 /1333MHz)Kingston | 11,500 |
| 4 GB (DDR3 /1333MHz)Kingston | 18,000 |
| 512 MB (DDR/400MHz) Kingston | 13,000 |

## Notebook Memory

| | |
|---|---|
| 4GB (DDR3/1333MHz)Silicon Po | 18,000 |
| 4GB (DDR3/1600MHz)Silicon Po | 18,800 |
| 4GB (DDR3/1333MHz)Kingston | 18,000 |
| 1 GB (DDR 333 MHz) Kingston | 25,700 |
| 2GB (DDR3 /1333 MHz) Silicon Po | 10,300 |

## Notebook HDD

| | |
|---|---|
| 320 GB (Seagate) | 41,500 |
| 500 GB (Seagate) | 51,000 |
| 500GB (SATA 5400 RPM) (Seagate) | 55,000 |
| 500 GB (SATA 5400 RPM) (Hitachi) | 49,500 |
| 750GB (SATA 5400 RPM) (Seagate) | 136,000 |

## Intel CPU

| | |
|---|---|
| Intel Dual Core 2.8 GHz G640 | 60,000 |
| Intel Corei3 3.3 GHz 3220 (IVY) | 107,000 |
| Intel Core i5 3.2GHz 3470 (IVY) | 166,000 |
| Intel Core i7 3.4GHz 3770 (IVY) | 250,000 |
| Intel Core i3 3.3GHz 3220 (IVY) | 102,000 |
| Intel Core i5 3.2GHz 3470 (IVY) | 158,000 |
| Intel Dual Core 2.9 GHz G-645 | 56,000 |

## Graphic Card

| | |
|---|---|
| Asus HD 7950 DC2T 3GD5 | $445 |
| Asus HD 7870 DC2TG 2GD5 | $318 |
| Asus HD 7850 DC2 2GD5 | $265 |
| Asus HD7850 DC2 2GD5 | $185 |
| Asus HD7770 DC 1 GD5 | $ 160 |
| Asus HD7750 1GD5 V2 | $122 |
| Asus HD6670 2GD3 | $92 |

## UPS

| | |
|---|---|
| Prolink 650VA | 34,000 |
| Power Tree 650 VA | 37,000 |
| Power Tree 1250VA | 60,000 |
| Prolink IPS 1000 ( Inverter+UPS) | 60,000 |
| Prolink IPS 2000 (Inverter+UPS) | 74,000 |
| PowerBenz 650VA | 28,500 |
| SVC 600VA | 27,500 |

## Power Supply Unit

| | |
|---|---|
| TP-1500MPCSEU (1500W) | $295 |
| SP730PCWEU (850W) | $89 |
| LT-600PCEU (600W) | $54 |
| TPX-1375 MP CGEU (1375W) | $265 |

## CPU Cooler

| | |
|---|---|
| CLW0211 | $108 |
| CLP0596 (FAN) | $58 |
| CLP0575 (Fan) | $65 |
| CLP0554 (Fan) | $45 |

## Printer

| | | | |
|---|---|---|---|
| | | Brother HL-2130 Laser Printer | 75,000 |
| Brother HL-2240D Laser Printer | 127,000 | Brother DCP-J725TW 3 in 1 | 265,000 |
| Brother HL-3040CN Colour Printer | 290,000 | Brother MFC-J220 3 in 1 | 186,000 |

## Mouse

| | | | |
|---|---|---|---|
| Tte Gaming Mouse MO-LTM009DT | $95 | Blaze Optical Mouse PS/2 | 2,200 |
| Tte Gaming Mouse MO-ARS003DTD | $32 | Blaze Optical Mouse USB | 2,400 |
| Blaze Optical Mouse USB | 2,300 | A4 Tech Optical Mouse 620D (PS2) /USB | 4,000 |
| Sony Optical Mouse USB | 1,600 | Sony Optical Mouse USB | 1,600 |
| Prolink Optical Mouse USB 618U | 3,900 | OKER L7-15 | 8,500 |
| Prolink Optical Mouse USB 627U | 3,900 | Prolink Optical Mouse USB 627U | 3,900 |

## Network Accessories

| | | | |
|---|---|---|---|
| 5 Ports 10/100 Mbps Switch (TP Link) | 6,600 | Prolink Wireless IP Camera (PIC 1003WP) | 143,000 |
| 300 N Mini Wireless Adapter (TP Link) | 12,500 | | |
| 16 Ports 10/100 B (D Link) | 38,000 | Prolink Wireless IP Camera (PIC 1005WN) | 135,000 |
